ebook is created by www.ShanYoma.Org

# ပြက္ခဒိန်အစီအရင် နှင့် နည်းစနစ်

သန်းနီ

အတွေးအမြင်မဂ္ဂဇင်း၊ ၁၉၈၇ ခုနှစ်၊ ဇူလိုင်လ၊ စာစဉ် ၂၆ ၊ နှာ ၆၂-၆၇ ထိ။

(၁)

စာရေးသူသည် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏နိုင်ငံတော် သာသနမဟာဗုဒ္ဓဝင်ဒုတိယတွဲ စာမျက်နှာ ၁၇ ပါ မှတ်ချက်ကို မတွေ့ရသေးလျှင် ဤအကြောင်းအရာကို တင်ပြဝံ့မည် မဟုတ်ပါ။ ထိုမှတ်ချက်ကို တွေ့ရသောကြောင့် နှစ်ပေါင်းအတန်ကြာစွာ ရင်ထဲ သိမ်းဆည်းထားသည်ကို ဖွင့်ချမိခြင်း ဖြစ်ပါသည်။ မင်းကွန်းဆရာတော်ဘုရားကြီး၏မှတ်ချက်မှာ-

"ဘုရားအလောင်းတော် မြတ်ပဋိသန္ဓေ တည်နေတော်မူခြင်း၊ ဖွားမြင်တော်မူခြင်း စသည်တို့အတွက် သက္ကရာဇ်အမည် တနင်္ဂနွေစသော နေ့အမည်တပ်လျက် ပြဆိုရခြင်းကား လောကီဗေဒင်၊ ရာဇဝင်တို့၏မှတ်သားချက် အလိုအတိုင်းသာ ပြဆိုရခြင်း ဖြစ်၏။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့၌ ပြဆိုချက် မရှိချေ။ ဂေါတမပူရာဏ်ကျမ်း၌ ဂလိယုဂ်သက် ၂၅၇၀ ပြည့်နှစ် ဂေါတမမြတ်စွာဘုရား ဖြစ်ကြောင်း ဆိုသည်။"

မင်းကွန်းဆရာတော်ဘုရားကြီး၏မှတ်ချက်တွင် လအမည်များ မပါဘဲ ကျန်နေသည်ကို သတိပြုမိပါသည်။ သို့သော် ဗုဒ္ဓဝင်ပါ သက္ကရာဇ်အမည်၊ နှစ်၊ လ၊ နေ့ရက်တို့အားလုံးသည် ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူသည့် တရားတော်များတွင် ပါဝင်ခဲ့သည် မဟုတ်ကြောင်းကား ထင်ရှားစွာ သိခဲ့ရပြီး ဖြစ်ပါသည်။ မြတ်စွာဘုရားရှင် ပွင့်တော်မူစဉ်အခါက ယခုသုံးစွဲနေကြသော ခရစ်ပြက္ခဒိန်အစီအရင်၊ မြန်မာပြက္ခဒိန်အစီအရင်မျိုးဖြင့် ပြက္ခဒိန်များ ရှိခဲ့သည် မဟုတ်ပါ ။ ထို့ကြောင့် ကဆုန်လ၊ ဝါဆိုလ အမည်ဖြင့် ဗုဒ္ဓဝင်တွင် နေရာယူအမှတ်အသားပြုထားခြင်းကား မှားသည်ဟု မဆိုနိုင်သော်လည်း မှန်သည်ဟု တထစ်ချ မပြောနိုင်ပါ။ (စာရေးသူ၏အယင် ဆရာ့ဆရာများကလည်း ဝေဖန်ဆန်းစစ်ခဲ့ဖူးကြပါသည်။)

နောက်ကြောင်းပြန်၍ ပြက္ခဒိန်စီရင်ကြရာတွင် မိမိတို့၏တွက်ရိုးတွက်နည်း ကိုယ်စီဖြင့် ကဆုန်၊ ဝါဆိုဟူ၍ ရအောင် စီရင်လျှင်မူ ရနိုင်ကြပါ၏။ ကောင်းကင်တွင် သဘာဝ ဖြစ်စဉ်အတိုင်း အချိန်မှန်ပေါ်ထွက်နေသော လပြည့်ဝန်းကို မြင်ရသည့်အခါ တန်ခူး၊ ကဆုန် စသည်ဖြင့် စန်းယှဉ်နက္ခတ်ကို အခြေခံ၍ တွက်ချက်အမည်ပေးကြသည်။ သို့သော် ထိုသို့ တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို စသည်ဖြင့် အမည်ပေးရာတွင် တစ်ကြိမ်နှင့်တစ်ကြိမ် ရက်ပေါင်း ၃၀ အထိ ကွာခြားနိုင်ပါသည်။ နမူနာ ပြရသော် ၁၉၈၅ ခု၊ ပြက္ခဒိန်၌ ၁၃၄၇ ခု၊ ဓမ္မစကြာနေ့(ဒုတိယဝါဆိုလပြည့်)သည် ဩဂုတ်လ ၁ ရက်နေ့တွင် ကျရောက်သော်လည်း ၁၉၁၀ ခု၊ ပြက္ခဒိန်တွင် ဓမ္မစကြာနေ့သည် ဇူလိုင် ၁ ရက် ဖြစ်ပါသည်။

သို့သော် များစွာသော ဗုဒ္ဓဘာသာဝင်တို့သည် ကဆုန်လပြည့်(ဖွားမြင်တော်မူသည့်နေ့၊ ဘုရားဖြစ်တော်မူသည့်နေ့၊ ပရိနိဗ္ဗာန် စံဝင်တော်မူသည့်နေ့)ဝါဆိုလပြည့်(ပဋိသန္ဓေတည်နေတော်မူသည့်နေ့၊ ဓမ္မစကြာတရားဟောတော်မူသည့်နေ့)များကို ဘုရားရှင် ဟောတော်မူသည့်ပိဋကတ်တော်လာသည်ဟု ယုံကြည်လက်ခံထားပြီး ဖြစ်ရာ နားဝင်အောင် ရှင်းပြဖို့ မလွယ်တော့ချေ။ တစ်နည်းအားဖြင့်လည်း တရားတော်၏အဓိကလိုရင်းဖြစ်သော သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရာတရားတော်ကို ထိခိုက်နစ်နာစေနိုင်ခြင်းလည်း မရှိ၍ အမှန်ကို သိစေရန် ကြိုးစားအားထုတ်ဖို့လည်း မလိုပါ။ ဆင်ခြင်တုံတရား ရှိသူများ၊ ဗဟုသုတပွားလိုသူများအတွက် သိရှိထားရန်သာ လိုပေသည်။

သို့သော် မြန်မာနိုင်ငံတိုင်းရင်းသားအပေါင်းတို့သည် ရှေးဟောင်းအမွေအနှစ်ဖြစ်သော မြန်မာပြက္ခဒိန်အစီအရင်ကို ဆက်လက်သုံးစွဲကြရာတွင် မှားမှန်းသိပြီးဖြစ်သော တွက်ရိုး၊ အခြေခံကိန်းဂဏန်းများကို ပြင်ဆင်၍ သိပ္ပံနည်းကျ စနစ်တကျ တီထွင်သုံးစွဲရန် လိုပေသေးသည်။

(၂)

မြန်မာနိုင်ငံတွင် ရုံးသုံးအဖြစ်လည်းကောင်း၊ အများပြည်သူတို့၏စီးပွားရေး၊ လူမှုရေးကိစ္စများတွင်လည်းကောင်း အသုံးပြုနေသော ခရစ်ပြက္ခဒိန်သည် ကမ္ဘာက နေကို တစ်ပတ် ပတ်မိသောကာလ(၃၆၅ ရက်၊ ၅ နာရီ၊ ၄၈ မိနစ်၊ ၄၆ စက္ကန့်)ကို တစ်နှစ်သတ်မှတ်၍ စီရင်ထားသည်။ ဤတွက်ချက်မှုကို အင်္ဂလိပ်တို့သည် ၁၇၅၂ ခု၊ စက်တင်ဘာလ ၁၄ ရက်မှ စတင်ခဲ့သည်။ ထိုသို့ စတင်ရာ၌ ၁၇၅၂ ခု၊ စက်တင်ဘာလ ၂ ရက် ကုန်ဆုံးပြီး စက်တင်ဘာ ၁၄ ရက်သို့ ရက်ပေါင်း ၁၁ ရက်ကို ခုန်ကျော်ပြီး စတင်ပြင်ဆင်သုံးစွဲခြင်း ဖြစ်သည်။ ထိုသို့ ပြင်ဆင်ရခြင်းမှာ ရှေးယခင်က တစ်နှစ်ကို ၃၆၅ ရက်၊ ၆ နာရီတိတိဖြင့် မှားယွင်းတွက်ချက်မိခဲ့သဖြင့် မှားယွင်းသော နှစ်ပေါင်းများစွာကို ပြင်ဆင်သည့်အနေဖြင့် ၁၇၅၂ ခုတွင် စက်တင်ဘာလ ၂ ရက် ကုန်ဆုံးပြီးနောက် စက်တင်ဘာလ ၃ ရက်မှ ၁၃ ရက်အထိ နေ့ရက်များကို ချန်လှပ်၍ စက်တင်ဘာ ၁၄ ရက်မှ စတင်ရေတွက်ခြင်း ဖြစ်သည်။ ထိုသို့ အင်္ဂလိပ်တို့က မပြင်မီကပင် စတင်ပြင်ဆင်သူ Pope Gregory XIII သည် ၁၅၈၂ ခု၊ အောက်တိုဘာ ၄ ရက်အပြီး အောက်တိုဘာ ၁၅ ရက်သို့ ခုန်ကူးပြင်ဆင်ခဲ့သည်။ (Gregory ၏စတင်ပြင်ဆင်မှု ရက်စွဲများ မှုကွဲတွေ့ရသော်လည်း များရာမှုကို ယူလိုက်ပါသည်။) ဂျာမနီနှင့်ဒိန်းမတ်တွင် ၁၇၀၀ ခု၊ အင်္ဂလန်နှင့်သူ

၏ အင်ပိုင်ယာတွင် ၁၇၅၂ ခု၊ ဆွီဒင်တွင် ၁၇၅၃ ခု၊ ဂျပန်ပြည်တွင် ၁၈၇၃ ခု၊ တရုတ်ပြည်တွင် ၁၉၁၂ ခု၊ ရုရှားနိုင်ငံတွင် ၁၉၄၀ ခုတို့၌ ထိုပြက္ခဒိန်မူသစ်အတိုင်း ပြင်ဆင်လက်ခံသုံးစွဲကြကြောင်း ဖတ်ရှုရသည်။

မြန်မာနိုင်ငံသည်လည်း အင်္ဂလိပ်နယ်ချဲ့လက်အောက်ဘဝတွင် ကျရောက်ခဲ့၍ ခရစ်ပြက္ခဒိန်ကို ရုံးသုံးအဖြစ် သုံးစွဲခဲ့ကြသည်။ ယခုအခါ ရုံးသုံးသည် ခရစ်ပြက္ခဒိန်ဖြစ်သော်လည်း မြန်မာ့ပြက္ခဒိန်ကိုလည်း နှစ်စဉ်ထုတ်ပြန်၍ လက်ခံသုံးစွဲစေခြင်းကား "မူ"အားဖြင့် မှန်ကန်လှပေသည်။ မြန်မာပြက္ခဒိန်တွင် လများ(တန်ခူး၊ ကဆုန် စသည်)ကို ရွှေလ(စန်း)ဖြင့် အခြေခံတွက်ချက်သည်ဖြစ်၍ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်များအတွက် အသုံးဝင်ပါသည်။ တန်ခူး၊ ကဆုန် စသည်တို့ကို ရွှေလ၏ ကမ္ဘာကို တစ်ပတ် ပတ်မိသည့်အချိန်ကာလဖြင့် မူတည်တွက်ချက်ပြီး၊ တစ်နှစ်တာကာလကို ကမ္ဘာ၏ နေကို တစ်ပတ်ပတ်မိသည့်အချိန်ကာလဖြင့် မူတည်တွက်ချက်ကြပါသည်။ သို့သော် အခြေခံတွက်သည့်အချိန်ကာလများသည် သိပ္ပံနည်းကျမည်၊ တွက်နည်းများ လွယ်ကူမည်၊ ကမ္ဘာသုံးစက်နာရီကို အခြေခံမည်ဆိုလျှင် ယခုအဆင့်ထက် ပိုမိုတိကျစွာ အသုံးဝင်နိုင်ပါသည်။

(၃)

လွန်ခဲ့သော နှစ်ပေါင်း ၂၃၀ ကျော်ကာလအတွင်း သင်္ကြန်အတက်နေ့သည် ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅ မှ ယခုအခါ ဧပြီ ၁၆ ရက်သို့ တရွေ့ရွေ့ ကူးပြောင်းလာခဲ့သည်ကို လူအတော်များများက သတိမူမိကြပါသည်။ ထိုအကြောင်းရင်းမှာ ခရစ်ပြက္ခဒိန်အား တစ်နှစ်ကာလကို ၃၆၅ ရက်၊ ၅ နာရီ၊ ၄၈ မိနစ်၊ ၄၆ စက္ကန့်ဖြင့် စီရင်ခြင်း၊ မြန်မာပြက္ခဒိန်အား ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၆ စက္ကန့်ဖြင့် စီရင်ထားခြင်းတို့ကြောင့် တစ်နှစ်တွင် မြန်မာပြက္ခဒိန်သည် ပျမ်းမျှ ၂၃ မိနစ်၊ ၅၀ စက္ကန့်ပို နေရာ နှစ်ပေါင်း ၆၀ ကျော်လျှင် တစ်ရက် ကွဲလွဲလာရခြင်း ဖြစ်သည်။ ဤသည်မှာ ခရစ်ပြက္ခဒိန်နှင့်မြန်မာပြက္ခဒိန်တို့၏ တစ်နှစ်တာကာလအတွက် ခြားနားမှု ဖြစ်သည်။

ရှေးသူဟောင်းတို့စကား၌ "လပြည့်မှာ ချွန်း၊ လဆုတ်မှာ ဝန်း"ဆိုသော စကားသည် လပြည့်ဝန်းတွက်ချက်ရာတွင် ကွဲလွဲမှုများ ရှိခဲ့ကြောင်း သမိုင်းသက်သေစကား ဖြစ်၏။ မြန်မာ့ရာဇဝင်တွင် ပြက္ခဒိန်နှင့်ပတ်သက်၍ အငြင်းပွားခဲ့မှုများ ရှိကြောင်း တွေ့ရ၏။ စီရင်ပြီးပြက္ခဒိန်တွင် လပြည့်ဝန်း(လပြည့်)ရက်ကို ဖော်ပြထားသော်လည်း ကောင်းကင်ရှိ ရွှေလမှာ ပြည့်ဝန်းချင်မှ ပြည့်ဝန်းပါလိမ့်မည်။ ထိုအဖြစ်မျိုးကို ရှေးယခင်က မကြာခဏ ပေါ်ပေါက်ခဲ့ဘူးပါသည်။ အနီးကပ်ဆုံး တွေ့ရှိချက်မှာ ၁၃၀၁ ခုနှစ်၊ မြန်မာပြက္ခဒိန်နှင့်ထိုစဉ်က လဝင်လထွက်မှတ်တမ်းများ၊ မြန်မာပြက္ခဒိန်စီရင်သူများ အငြင်းပွားခဲ့သည့်မှတ်တမ်းများကို ရှာဖွေကြည့်လျှင် ထင်ရှားပါသည်။ သုံးဖွဲ့သုံးမျိုး ကွဲလွဲစွာဖြင့် မည်သည့်နေ့တွင် လပြည့်မည်ဟု အကြီးအကျယ် အငြင်းပွားခဲ့ကြသည်။

မျက်စိအဝေးမမှုန်သူသည် လဆန်း ၁၄၊ လဆန်း ၁၅ (လပြည့်)နှင့်လဆုတ် ၁ ရက်နေ့ ရွှေလကို စောင့်ကြည့်ပါ။ လဆန်း ၁၄ ရက် ရွှေလသည်လည်း ပြည့်ဝန်းပါသည်။ သို့သော် အောက်ဘက်စက်ဝန်းအနားရှိ အမည်းကြောင်းကို ရေးတေးတေး မြင်ရပါလိမ့်မည်။ လဆန်း ၁၅ ရက်ရှိ လပြည့်ဝန်းတွင်သာ အမဲကြောင်း မထင်ပါ။ လဆုတ်တစ်ရက်တွင်မူ အထက်စက်ဝန်း အနားမှာ အမဲကြောင်း ရေးတေးတေး မြင်ရပါမည်။ သို့သော် လဆုတ် ၁ ရက် လပြည့်ဝန်းလည်း ပြည့်ဝန်းသည်ဟုပင်ဆိုနိုင်ပါသည်။ ထို့ကြောင့် ပြက္ခဒိန်အစီအရင်တွင် တစ်ရက်လွဲရုံမျှနှင့်ကောင်းကင်ရှိ လပြည့်ဝန်းကို မော်ကြည့်မိလျှင် ပြည့်ဝန်းခြင်း မရှိကို သာမန်အားဖြင့် ခွဲခြားနိုင်မည် မဟုတ်ပါ။

ဤသည်တို့မှာ မြန်မာပြက္ခဒိန်အစီအရင်တွင် ရှိတတ်သော ချွတ်ယွင်းချက်များမှ သိသာထင်ရှား မြင်လွယ်သည်များကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၄)

၁၃၄၈ ခု၊ မဟာသင်္ကြန်စာ(ဦးလောကေသရနှင့်သား ဆရာလင်း၊ ဆရာဘိန်း)အရ ၁၃၄၈ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ စနေနေ့လကြတ်မည်ဟုဆိုခဲ့သည်။ လဆန်း ၁၄ ရက်သည် သောကြာ ဖြစ်ပါသည်။ လဆန်း ၁၄ ရက်နှင့် စနေကို တွဲ၍ ဖော်ထားခြင်းမှာ လငပုပ်ဖမ်းသည့်အချိန်သည် သောကြာနေ့ည ၁၁ နာရီ၊ ၃၂ မိနစ်၊ ၁၁ စက္ကန့်တွင် စပြီး စနေနေ့၊ နံနက် စက် ၃ နာရီ၊ ၁၈ မိနစ်၊ ၂ စက္ကန့်တွင် ပြီးဆုံးမည်ဟု တွက်ချက်၍ ရသောကြောင့် ဖြစ်ပေလိမ့်မည်။ သိပ္ပံပညာရှင်များ တွက်ချက်ရမည့်လငပုပ်ဖမ်းကာလကို မသိရသေး၍ ရှေးဟောင်းတွက်ရိုးနှင့်သိပ္ပံနည်းကျတွက်ရိုး မည်မျှကွဲလွဲသည်ကို မသိရပါ။ ယမန်နှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့ လငပုပ်ဖမ်းစဉ်ကမူ ကြိုတင်တွက်ချက်မှုမှာ မြန်မာ့အလာတွက်ရိုးနှင့်သိပ္ပံနည်းကျ တွက်ချက်မှုသည် ၂၅-၂၆ မိနစ်ခန့် ကွဲလွဲခဲ့ကြပါသည်။

ခရစ်ပြက္ခဒိန် ၁၉၈၆ ခု၊ အောက်တိုဘာလ ၁၇၊ ၁၈၊ ၁၉(သီတင်းကျွတ်လဆန်း ၁၄၊ ၁၅(လပြည့်)နှင့်လဆုတ် ၁ ရက်)နေ့များတွင် လပြည့်ဝန်းများကို စောင့်ကြည့်လျှင် မြန်မာ့ပြက္ခဒိန်အစီအရင်နှင့်လက်တွေ့လပြည့်ဝန်းခြင်း၊ လငပုပ်

ဖမ်းခြင်းများကို စာပေနှင့်လက်တွေ့ ယှဉ်တွဲလေ့လာနိုင်ကြပါမည်။ လွန်ခဲ့သည့်နှစ် ၁၃၄၇ တွင် ဝါထပ်၊ ရက်ငင် ပြုလုပ်ထားသောကြောင့် လတ်တလော လပြည့်ဝန်းများသည် မြန်မာ့အစဉ်အလာတွက်ရိုးနှင့်သိပ္ပံနည်းကျတွက်ချက်မှုတို့ တူညီနေသည့်ကာလဖြစ်ရာ ပြက္ခဒိန်အစီအရင်ပါ လပြည့်ဝန်းရက်များအတိုင်း ကောင်းကင်ရှိ ရွှေလကိုလည်း ပြည့်ဝန်းစွာဖြင့် တွေ့ကြရပါလိမ့်မည်။

(၅)

မြန်မာ့ပြက္ခဒိန်အစီအရင်ကို တစ်နှစ်မှတစ်ကြိမ်သာ တွက်ချက်ထုတ်ပြန်နိုင်သည်ဆိုခြင်းမှာ မဟုတ်ပါ။ သဘာဝတရားကြီးကို အခြေခံ၍ တွက်ချက်ထားသောကြောင့် နေ၊ လ၊ ကမ္ဘာတို့သည် ရွေ့လျားခြင်း မဖောက်ပြန်သရွေ့ ကာလပတ်လုံး ကြိုတင်တွက်ချက်ရနိုင်သည်သာ ဖြစ်ပါသည်။ အသေးစိတ်သိထားရမည့်အချက်များ ရှိသော်လည်း အခြေခံအချက်နှစ်ချက်သိလျှင် ကြိုတင်တွက်ချက်မှု ပြုနိုင်ပါသည်။ စာရေးသူထံ ရှိသော အချက်များသည် သိပ္ပံနည်းကျတွက်ချက်ရရှိထားသော အချက်နှင့်စက္ကန့်မလွဲ တူညီစေရန် ပြန်လည်ညှိနှိုင်းဖို့ရာ လိုပါသေးသည်။

လသည် ကမ္ဘာကို တစ်ပတ် ပတ်မိရန် ၂၉ ရက် ၁၂ နာရီ ၄၄ မိနစ် ၂.၉ စက္ကန့်(၂၉.၅၃၀၅၉ ရက်)ကြာပါသည်။ ကမ္ဘာသည် နေကို တစ်ပတ် ပတ်မိရန် ၃၆၅ ရက် ၅ နာရီ ၄၈ မိနစ် ၄၆ စက္ကန့်(၃၆၅.၂၄၂၂ ရက်)ကြာပါသည်။

သိပ္ပံနည်းအရ လပြည့်ဝန်း ပြည့်မည့်ရက် တွက်နည်းမှာ ၃၀၊ ၂၉၊ ၃၀၊ ၂၉ စသည်ဖြင့် လပြည့်ဝန်းများကို ရေတွက်မှတ်သားရန် ဖြစ်ပါသည်။ (မြန်မာတို့ကမူ တန်ခူးရက်မစုံ ၂၉၊ ကဆုန်ရက်စုံ ၃၀ ဟု မှတ်သားကြသည်။) ၃၂ လုံးမြောက်လပြည့်ဝန်းသည် ၂၉ ရက်ကျစေကာမူ ၃၀ ဟုယူရပါမည်။ ၈၀၀ လုံးမြောက် လပြည့်ဝန်းကို မူလအစီအစဉ်အရပင် ၂၉ ရက်ဟု ယူရပါမည်။ ဤကား သိပ္ပံနည်းကျ လပြည့်ဝန်းမည့်ရက်တွက်နည်း၊ လထပ်-ရက်ငင်နည်းများ ဖြစ်ပါသည်။ ပြုပွါသန်နက္ခတ်နှင့်အနီးဆုံးစန်းယှဉ်မည့်ရက်ရှိ လပြည့်ဝန်းကို ဝါဆိုဟု သတ်မှတ်တတ်ရန်သာ လိုပေသည်။ ဤသို့ဖြင့် နှစ်ပေါင်း ၆၀ ကျော်အထိ လပြည့်ဝန်းကို ကြိုတင်တွက်ချက်၍ မြန်မာပြက္ခဒိန်ကို စီရင်နိုင်ပါသည်။

ဆိုလိုရင်းမှာ မြန်မာပြက္ခဒိန်အစီအရင်ကို လွယ်ကူသောတွက်နည်းများဖြင့် တွက်ချက်ရစေရန် သိပ္ပံနည်းကျခေတ်မီနည်းစနစ်ကို တီထွင်ရန် အချိန်ကျရောက်နေပါသည်။ ခရစ်ပြက္ခဒိန်အစီအရင်ကို မူလတန်းကျောင်းသားများပင် သင်ကြားပေးလျက် ရှိပါသည်။ သင်္ချာသင်ကြားယင်း ဖေဖော်ဝါရီ ၂၈၊ ၂၉ ခွဲခြားတတ်ရန်နှင့်ဇန်နဝါရီ ၃၁၊ ဖေဖော်ဝါရီ ၂၈၊ ၂၉၊ မတ် ၃၁ စသည်ဖြင့် သိနေကြလျှင် တွက်ချက်တတ်ကြပါသည်။ ထိုနည်းသိရုံနှင့်နှစ် ၁၀၀ အတွက် ခရစ်ပြက္ခဒိန်ကို စီရင်နိုင်ကြပါသည်။ ၄ ဖြင့် သက္ကရာဇ်ကို စား၍ ပြတ်သော်လည်း သက္ကရာဇ် ၂၁၀၀၊ ၂၂၀၀ စသည်တို့ကို ၄၀၀ နှင့်စား၍ မပြတ်လျှင် ဖေဖော်ဝါရီ ၂၈ ရက်သာ မှတ်ယူရန်ကိုပါ ထည့်သွင်းမှတ်သားမိသော် နှစ်ပေါင်း ၃၀၀၀ နီးပါးအတွက် ခရစ်ပြက္ခဒိန်ကို စီရင်နိုင်ကြပါပြီ။

မြန်မာ့ပြက္ခဒိန်ကိုလည်း လပြည့်ပေါင်း ၈၀၀ အထိ (နှစ်ပေါင်း ၆၀ ကျော်)အနည်းဆုံး ကြိုတင်စီရင်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတိုင်းရင်းသားကျောင်းသူကျောင်းသားများ ဖြစ်ပါလျက် ခရစ်ပြက္ခဒိန်ကိုမူ တွက်ချက်တတ်ကြပြီး မြန်မာပြက္ခဒိန်ကို မစီရင်တတ်ဟုဆိုလျှင် မသင့်တော်ပါ။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းရန် လူငယ်များအား မိမိတို့တတ်ကျွမ်းသော ယဉ်ကျေးမှုပညာရပ်များကို တွန့်တိုခြင်း မရှိ၊ ရက်ရောစွာဖြင့် ပညာအမွေပေးသင့်လှပေသည်။

(၅)

အနာဂတ်လူငယ်များသည် မှန်ကန်သော အတွေးအခေါ်၊ အယူအဆများ ရင့်သန်လာစေရန် လူကြီးများက ဦးဆောင်ကြရပါမည်။ အစဉ်အလာအားဖြင့် မှတ်သားလက်ခံသုံးစွဲနေကြသော်လည်း ချွတ်ယွင်းချက်၊ အားနည်းချက်များကို တွေ့ရလျှင်၊ သိရလျှင် လူငယ်များကို နမူနာပြ၊ စံပြအဖြစ် လူကြီးတို့က ဦးဆောင်၍ ပြင်ဆင်မှု ပြုရပါမည်။ အမှားကို အမှန်သို့ရောက်အောင် ပြင်ရဲသည့်သတ္တိ ရှိကြရပါမည်။ ခေတ်မမီသည်ကို ခေတ်မီအောင်၊ သိပ္ပံနည်းကျအောင်၊ ကမ္ဘာနှင့်ရင်ဘောင်တန်းနိုင်အောင် အဘက်ဘက်က ကြိုးစားရပါမည်။

ရွှေကိုင်းသားဆရာတော်ဦးသောဘိတသည် ရှေးရိုးအစဉ်အလာအရ လက်ခံထားခဲ့ကြသော်လည်း ယနေ့သိပ္ပံခေတ်နှင့်အံဝင်ခွင်မကျသည်များကို စာပေတာဝန်သိစွာဖြင့် ထမ်းဆောင်ခဲ့ပါသည်။ ယူဇနာပေါင်း ၈၄၀၀၀ အထုရှိသော မြင်းမိုရ်တောင် ဟူသည် ဤကမ္ဘာတွင် ထားစရာ၊ မြင်စရာ နေရာမရှိ၊ မြင်းမိုရ်တောင်ဟုမြင်နိုင်သည့်အရာကား ဘယ်အရာနည်း စသည်ကို စာပေနှင့်သိပ္ပံပညာ ပေါင်းကူး၍ ရဲဝံ့စွာ တင်ပြခဲ့သည်။ ကမ္ဘာကို လုံးသည်၊ ပြားသည်ဟုပြောနေကြခြင်းသည် ထမင်းမဝဟုအတွေးတိမ်တိမ်ဖြင့် ပြောတတ်ကြလျှင် မြန်မာတို့သည် ကမ္ဘာတွင် နောက်တန်းကျန်ရစ်ပေမည်။ ထို့ကြောင့် ရွှေကိုင်းသားဆရာတော်သည် သိပ္ပံနည်းကျ လေ့လာထားသော စကြဝဠာအကြောင်း၊ သိပ္ပံနည်းကျသော

နက္ခတ်ပညာ(Astronomy) ကို မြန်မာတို့ လေ့လာဆည်းပူး၍ မြန်မာ့နက္ခတ်ပညာကို တိုးတက်အောင် ဆောင်ရွက်ကြရန် လိုကြောင်း စာတမ်းများ ရေးသားပြုစုဖတ်ကြားခဲ့သည်။

ဆရာတော် မကျန်းမာစဉ်ကာလတွင် ဆရာတော်စုဆောင်းထားသော စာအုပ်စာတမ်းများ၊ မှတ်စုများကို စုစည်း၍ စာရေးသူကိုယ်တိုင် ဖတ်ရှုလေ့လာဆည်းပူးလျက် ယနေ့ထက်တိုင် မှားယွင်းနေသည်ဟု မြင်မိသောကိစ္စတို့ကို ဆက်လက်ဖော်ထုတ်လိုက်ရခြင်း ဖြစ်ပါသည်။ ဤသို့ တင်ပြရာ၌ ချွတ်ယွင်းချက်များ တွေ့လျှင် ဆရာတော်ရှေးကိုင်းသားဦး သောဘိတနှင့်မသက်ဆိုင်ပါ။ ပြုစုသူဤစာရေးသူ၏တာဝန်သာ ဖြစ်သည်။ တင်ပြရာ၌ အားနည်းချက်ရှိလျှင် ရှိပါမည်။ သို့သော် တင်ပြသည့်အချက်အလက်များ မှန်ကန်ကြောင်း သဘာဝတရားကြီး၏နေနှင့်လတို့က သက်သေပြပါလိမ့်မည်။

သန်းနီ